# သင်ပေးသောမဲကို ရေတွက်ခံရပြီး အကျိုးရှိရန် မည်သို့လုပ်ရမည်နည်း

ရွေးကောက်ပွဲနေ့တွင် သင်သည် မဲစာရွက် နှစ်ခု လက်ခံရရှိပါလိမ့်မည်။ **အစိမ်းရောင်မှာ** အောက်လွှတ်တော်အတွက်ဖြစ်ပြီး၊ **အဖြူရောင်မှာ** အထက်လွှတ်တော်အတွက်ဖြစ်သည်။

## အောက်လွှတ်တော်

**အစိမ်းရောင် မဲစာရွက်**အပေါ်၌ သင် ပထမ ရွေးချယ်လိုသော ကိုယ်စားလှယ်လောင်းအမည်၏ ဘေးရှိကွက်လပ်တွင် '1' ထည့်ပြီး၊ သင် ဒုတိယ ရွေးချယ်လိုသော ကိုယ်စားလှယ်လောင်းအမည်၏ ဘေးရှိကွက်လပ်တွင် '2' ရေးထည့်ပေးရမည်ဖြစ်ပြီး ကွက်လပ်အားလုံး ကုန်ဆုံးသည်အထိ နံပါတ်တပ်သွားရပါမည်။

သင့်မဲ ကို ရေတွက်ခံရပြီး အကျိုးရှိရန် သင်သည် **ကွက်လပ်တိုင်းကို** မလုပ်မနေ နံပါတ်တပ်ရပါမည်။




နမူနာ မဲစာရွက်

## အထက်လွှတ်တော်

**အဖြူရောင် မဲစာရွက်**အပေါ်တွင် သင်သည် မျဉ်းကြောင်း၏ အထက် သို့မဟုတ် အောက်၌ မဲထည့်ရန် ရွေးချယ်နိုင်ပါသည်။




### တစ်ခုမဟုတ်တစ်ခု မျဉ်းကြောင်း၏ အထက်

အကယ်၍သင်သည် မျဉ်းကြောင်းအထက်၌ မဲထည့်ပါက၊ သင်သည် **ကွက်လပ်များ အနည်းဆုံး 6 ခု** ကို နံပါတ် 1 မှ 6 အထိ မလုပ်မနေ နံပါတ်တပ်ရပါမည်။

သင် ပထမ ရွေးချယ်လိုသော အဖွဲ့အစည်း သို့မဟုတ် အစု၏ ကွက်လပ်၌ '1' ကို ဖြည့်သွင်းပါ၊ သင် ဒုတိယ ရွေးချယ်လိုသော အဖွဲ့အစည်း သို့မဟုတ် အစု၏ ကွက်လပ်၌ '2' ကို ဖြည့်သွင်းပါ၊ ထိုကဲ့သို့အားဖြင့် မျဉ်းကြောင်းအထက်၌ရှိသော ကွက်လပ်များ အနည်းဆုံးခြောက်ခုကို ဆက်လက်ပြီး နံပါတ်များတပ်သွားပါ။ သင်သည် မျဉ်းကြောင်းအထက်ရှိ သင်ကြိုက်သလောက် ကွက်လပ်များ၌ နံပါတ်များကို ဆက်လက်ပြီး ဖြည့်သွင်းသွားနိုင်ပါသည်။




နမူနာ မဲစာရွက်များ

### သို့မဟုတ် မျဉ်းကြောင်း၏ အောက်

အကယ်၍သင်သည် မျဉ်းကြောင်းအောက်၌ မဲထည့်ပါက၊ သင်သည် **ကွက်လပ်များ အနည်းဆုံး 12 ခုကို** နံပါတ် 1 မှ 12 အထိ မလုပ်မနေ နံပါတ်တပ်ရပါမည်။

သင် ပထမ ရွေးချယ်လိုရာ ကိုယ်စားလှယ်လောင်းအမည်၏ ဘေးရှိ ကွက်လပ်၌ '1'၊ ထို့နောက် သင် ဒုတိယ ရွေးချယ်လိုရာ ကိုယ်စားလှယ်လောင်းအမည်၏ ဘေးရှိ ကွက်လပ်၌ '2' ကို ဖြည့်သွင်းပြီး၊ ထိုသို့အားဖြင့် ကွက်လပ် အနည်းဆုံး 12 ခုကို နံပါတ်တပ်သွားပါ။ သင်သည် မျဉ်းကြောင်းအောက်ရှိ သင်ကြိုက်သလောက် ကွက်လပ်များ၌ နံပါတ်များကို ဆက်လက်ပြီး ဖြည့်သွင်းသွားနိုင်ပါသည်။

**အကယ်၍သင်သည် အမှားအယွင်းပြုမိပါက စိတ်မပူပါနှင့်။**
သင့်အနေနှင့် နောက်ထပ် မဲစာရွက်တစ်ခုကို တောင်းပြီး ပြန်လည်၍ မဲထည့်နိုင်ပါသည်။



Canberra ရွေးကောက်ပွဲ ကော်မရှင် မှ တရားဝင် ခွင့်ပြုသည်။ | Authorised by the Electoral Commissioner, Canberra